# ကယောကမ္ဘာဦးကျမ်းပုံပြင်ဦးဆောင်သူသင်တန်း

၈-၁၁ ဧပြီလ၊ ၂၀၁၅

ဖမိုင်၊လှိုင်ကော်

# ကယောကျမ်းစာပုံပြင်ဦးဆောင်သူသင်တန်း

## နိဒါန်း

ကယောကျမ်းစာပုံပြင်သင်တန်းကို(၆)မိုင်လွိုင်ကော်တွင်ဧပြီလ(၈)ရက်နေ့မှ(၁၁)နေ့အထိပြုလုပ်ခဲ့ပါသည်။ပါဝင်သူ(၁၅)ဦးနှင့်ဦးဆောင်သူ(၄)ဦးပါရှိပါသည်။ဤသင်တန်းသည်ကယောဘာသာစကားဖြင့်တီထွင်ထားသည့်ကမ္ဘာဦးကျမ်း(၁၀)ပုဒ်ကိုပြန်လည်စမ်းသပ်ပြီးမိမိလူမျိုးအတွက်မည်ကဲ့သို့ပြန်လည်အသုံးပြုနိုင်မည်ကိုဆွေးနွေးပို့ချသည့်သင်တန်းဖြစ်ပါသည်။

## သင်တန်းရည်ရွယ်ချက်များ

၁။ပါဝင်သူသင်တန်းသားများသည်ကျမ်းစာပုံပြင်ဦးဆောင်သူများဖြစ်လာရန်။

၂။ပါဝင်သူများသည်ပုံပြင်ဝေမျှခြင်းနည်းလမ်းကိုသိရှိရန်။

၃။ပါဝင်သူများသည်ကယောဘာသာဖြင့်တီထွင်ထားသောပုံပြင်(၁၀)ပုဒ်ကိုသိရှိရန်။

၄။ပါဝင်သူများမှပုံပြင်ကိုမည်သည့်နေရာတွင်ပြန်လည်အသုံးပြုနိုင်မည်နည်းကိုသိရှိရန်။

## သင်တန်းတွင်ပါဝင်သည့်အရာများ

အောက်ပါတို့သည်သင်တန်းတွင်ပါဝင်မည့်အကြောင်းအရာများဖြစ်ပါသည်။

*၁။သင်တန်းအချိန်ဇယား*

သင်တန်းအချိန်ဇာယားမှာအောက်ပါအတိုင်းဖြစ်ပါသည်။ကယောကမ္ဘာဦးကျမ်းပုံပြင်(၁၀)ပုဒ်ကိုဤသင်တန်းတွင်အသုံးပြုပါသည်။ပထမပုံပြင်(၅)ပုဒ်ကိုသင်တန်းဦးဆောင်သူများမှဝေငှ၍ကျန်(၅)ပုဒ်ကိုသင်တန်းသားများမှအလှည့်ကျဦးဆောင်ပါသည်။

| ရက် | ၈:၀၀-၈:၃၀ | ၈:၃၀-၁၀:၀၀ | ၁၀:၃၀-၁၂:၀၀ | ၁:၀၀-၂:၃၀ | ၃:၀၀-၄:၃၀ |
|---|---|---|---|---|---|
| ၈.၄.၂၀၁၅ (ဗုဒ္ဓဟူး) | ဝတ်ပြုခြင်း အချိန် | မိတ်ဆက်ခြင်း မျော်လင့်ခြင်း ရည်ရွယ်ချက် | သမ္မာကျမ်းစာ အသုံးပြုပုံ | ပုံပြင်(၁) | ပုံပြင်(၂) |
| ၉.၄.၂၀၁၅ (ကြာသပတေး) | | ပုံပြင်(၃) | ပုံပြင်(၄) | ပုံပြင်(၅) | ပုံပြင်(၆) |
| ၁၀.၄.၂၀၁၅ (သောကြာ) | | ပုံပြင်(၇) | ပုံပြင်(၈) | ပုံပြင်(၉) | ပုံပြင်(၁၀) |
| ၁၁.၄.၂၀၁၅ စနေနေ့ | | အစီစဉ်ရေးဆွဲ/ ပိတ်ပွဲ | | | |

## *၂။သင်တန်းသားများ၏သက်သေခံချက်*

ကယောလူမျိုးအတွက်ကျမ်းစာပုံပြင်သင်တန်းကို(၆)မိုင်လွိုင်ကော်တွင်ဧပြီလ(၈)ရက်မှ-၁၁ရက်နေ့အထိပြုလုပ်ခဲ့ပါသည်။နွေရာသီဖြင့်သည့်အလျောက်လူမှုရေးကိစ္စများပျော်ပွဲရှင်ပွဲများရှိသဖြင့်ရွာအသီးသီးမှ(၁၅)ဦးသာပါဝင်ခဲ့ပါသည်။၎င်းပါဝင်သူများမှာရွာပေါင်း(၆)ရွာမှဖြစ်ပါသည်။အမျိုးသမီးခေါင်းဆောင်(၄)ဦးအမျိုးသားခေါင်းဆောင်(၃)ဦးခရစ်ယာန်ဘုန်းတော်ကြီး(၁)ပါး၊မာသာရ်(၁)ပါး၊မယ်တော်သမီး(၃)ဦးနှင့်ဓမ္မဆရာ(၃)စုစုပေါင်း(၁၅)ဦးပါဝင်တက်ရောက်ခဲ့ပါသည်။

ပါဝင်သူများသည်ကယောကမ္ဘာဦးကျမ်းပုံပြင်များနှင့်ပုံပြင်များဦးဆောင်သည့်နည်းလမ်းကိုသင်ယူခဲ့ပါသည်။ဆွေးနွေးသည့်အချိန်တွင်ပါဝင်သူများသည်၎င်းတို့ဘဝအတွက်သက်သေခံချက်များကိုဝေငှပြီးသမ္မာကျမ်းစာသွန်သင်မှုများသည်သူတို့၏နှလုံးသားကိုမည်သို့ထိထိမိမိရှိသည်ကိုဝေမျှကြပါသည်။

ပါဝင်သူအမျိုးသမီးတဦးမှကာဣနနှင့်အာဗေလပုံပြင်ကိုကြားနာပြီးအချိန်တွင်ဘုရားသခင်သည်အလွန်ရက်စက်သည်ဟုသူမထင်မိပါသည်။သို့ရာတွင်ဆက်လက်၍ပုံပြင်တစ်ပုဒ်ပြီးတစ်ပုဒ်သင်ယူပြီးသည့်အခါအပြစ်သားများအပေါ်ထားရှိသည့်ဘုရား၏မေတ္တာတော်ကိုသူမခံစားခဲ့ရပါသည်။ရလဒ်အားဖြင့်ကက်သလစ်ဘုန်းတော်ကြီးတစ်ပါးထံတွင်သူမ၏ဘဝပြဿနာများအတွက်လာရောက်အကြံညဏ်တောင်းခံလိုကြောင်းပြောပါသည်။အားနာအသင်းခေါင်းဆောင်လည်းဖြစ်၊မြေးများ၏အဖွားတစ်ဦးဖြစ်သူကညနေတိုင်းသင်တန်းပြီး၍အိမ်ပြန်ရောက်ချိန်တွင်သူမ၏မြေးများအားသင်ယူခဲ့သောပုံပြင်များကိုပြန်လည်ပြောပြပါသည်ဟုဆိုသည်။ကလေးများကကျမ်းစာပုံပြင်နားထောင်ရသည်ကိုနှစ်သက်ပြီးပုံပြင်များထပ်ပြောရန်တောင်းဆိုသည်။၎င်းကဲ့သို့မြေးများကကျမ်းစာပုံပြင်နားထောင်ရန်ဆန္ဒရှိသည့်အတွက်သူမအလွန်ပျော်သည်ဟုဆိုပါသည်။မူကြိုကျောင်းဆရာမတစ်ဦးမှ၎င်းပုံပြင်များသည်သူ၏ကျောင်းသာငယ်များအတွက်အလွန်အကျိုးရှိသည်ဟုပြောဆိုပါသည်။

## ၃။ပါဝင်သူများ၏မျှော်လင့်ချက်နှင့်သင်တန်းအပေါ် သုံးသပ်ချက်

### (က)ဘာတွေသင်ယူခဲ့ရသလဲ၊ဘာတွေပါဝင်ခဲ့သလဲ

ကမ္ဘာဦးကျမ်းအကြောင်းကိုယ်တိုင်ဆွေးနွေးခဲ့သည်၊ကျမ်းစာအကြောင်းဝေမျှခြင်း၊လေ့ကျင့်ခန်းသီချင်း၊သင်ထောက်ကူပစ္စည်းအားဖြင့်ပုံပြင်ပြောခြင်း၊မဲနိုက်စနစ်ဖြင့်ပုံပြင်ပြောခိုင်းခြင်း၊(၂)ဦးစီတိုင်ပင်ဆွေးနွေးခြင်း၊ကျမ်းစာအကြောင်းသုံးသပ်ခြင်း၊ပုံပြင်ဦးဆောင်အခန်းကဏ္ဍပါဝင်ခြင်း၊ဘုရားအကြောင်း၊လူအကြောင်းလေ့လာခြင်း၊ရုပ်ပြပုံဆွဲခြင်း၊ပုံပြင်သရုပ်ဆောင်ခြင်း၊သီချင်းစပ်ဆို(ကျမ်းစာနှင့်ပတ်သက်၊ကဗျာရွဲ့ဆိုခြင်း(ကျမ်းပုဒ်ဖြင့်)စသည့်အကြောင်းအရာများကိုဤသင်တန်းတွင်ဆွေးနွေးပါဝင်ခဲ့ပါသည်။

### (ခ)အခက်အခဲ

သီချင်း၊ကဗျာနည်း၊အချိန်နည်း၊လူတွေရှိသင့်သလောက်မရှိမလာနိုင်ကြပါ၊ကျမ်းစကားကိုကယောဘာသာစကားဖြင့်စကားလုံးရှာရန်ခက်ခဲခြင်း၊စသည့်အခက်ခဲများရှိပါသည်။

### (ဂ)အကျိုးကျေးဇူး

ပုံပြင်ကိုဦးဆောင်မှုနည်းလမ်းသိလာခြင်း၊ဝိညာဉ်ခွန်အားရရှိခြင်း၊ပြန်လည်ဝေမျှနိုင်တဲ့အရည်အချင်းရှိလာခြင်း၊ကျမ်းစာပုံပြင်ဟာခလေးအတွက်အရေးကြီးကြောင်းသိရလာ၊ရှိထားတဲ့စကားလုံးပြန်သိရှိလာ၊ပုံပြင်အစီအလိုက်သိရှိလာ၊ကျမ်းစာနှင့်ပတ်သက်ပြီးရှင်းရှင်းလင်းလင်းသိရှိလာတယ်၊ပုံပြင်တစ်ဆင့်ခြင်းစီသိရှိလာခြင်း၊ပုံပြင်အားဖြင့်သင်ခန်းစာရယူခြင်း၊မသိတာကိုရှင်းရှင်းလင်းလင်းသိရှိလာခြင်း-ဥပမာ-သက်တန့်ကဘာလည်း၊ဆိုသည့်အကျိုးကျေးဇူးများရရှိခဲ့ပါသည်။

### (ဃ)ဘယ်နေရာမှာသုံးမလဲ

ဘုရားစကားအခန်းတွင်ဆင့်ပွားသွန်သင်ခြင်း၊တရားဟောရန်နေရာ၊ဘုရားကျောင်းတွင်ဆင့်ပွားနိုင်၊ဘုန်းတော်ကြီး၊စီစသာရ်၊ဓမ္မဆရာများသုံးနိုင်၊မူကြိုကျောင်း၊ကလေး၊အားနာအသင်း၊မယ်တော်သမီး၊စီအေအဖွဲ့အစည်း၊အသင်းအဖွဲ့အသင်းဥပုဒ်နေ့ပြောပြဝေမျှနိုင်တယ်။

## ၄။သင်တန်းဦးဆောင်သူများ၏သုံးသပ်ချက်များ

### (င)ဘာတွေလုပ်ခဲ့သလဲ

ပုံပြင်ဦးဆောင်ဆွေးနွေးခြင်း၊မိတ္ထူးတောင်းခံခြင်း၊ဓါတ်ပုံမှတ်တမ်းတင်လုပ်ခဲ့၊နှုတ်သမ္မာတရားပုံပြင်(CD)ဖြင့်ဆွေးနွေးပွဲပါဝင်သူအားထုတ်ပေးခြင်း၊ကဗျာ၊သီချင်းစပ်နိုင်ရန်ပုံပြင်လေ့လာခြင်း၊ကယောသမ္မာကျမ်းစာဘာသာပြန်အဖွဲ့တွေ့ဆုံဆွေးနွေးခဲ့၊နေရာထိုင်ခင်းစီစဥ်ခြင်း၊(OSE)သွင်းခဲ့၊ပုံပြင်(၂၀)ပုဒ်ကို(BackTranslation)လု

ပ်ခဲ့၊ပုံပြင်(၁၀)ပုဒ်ကို(Retelling)လုပ်ခဲ့မေးခွန်းမေးရန်နည်းလမ်း၊ပုံပြင်(၅)တွင်သင်တန်းသားများမှဦးဆောင်ခြင်းအစရှိသည်တို့ကိုလုပ်ဆောင်ခဲ့ပါသည်။

**(ခ)သင်ခန်းစာ**

ဆွေးနွေးပွဲမှာတက်ရောက်ခဲ့တဲ့လူကြီးတွေကိုကြည့်ခြင်းအားဖြင့်နိမ့်ချသောအသက်တာကိုအသက်ရှင်ဖို့၊တစ်ယောက်ကိုတစ်ယောက်လေးစားတန်ဘိုးထားဖို့လို၊ဆရာတပည့်သင်ယူမှုပုံစံမဟုတ်ဘဲအချင်းချင်းအပြန်အလှန်သင်ယူခြင်းကားကောင်းသည်ကိုသင်ခန်းစာရရှိခြင်း၊နည်းလမ်းအသစ်တွေကိုသင်ကြားတဲ့အခါမှာပါဝင်သူတွေအပေါ်စိတ်ရှည်နားလည်တတ်ဖို့လိုအပ်ခြင်း၊ဥပမာ-သူတို့ရေးမှတ်ခြင်းနားမလည်နိုင်ခြင်း၊ပုံပြင်ဦးဆောင်ခြင်းရဲ့အတွေ့အကြုံ၊ပရိုပ်သပ်ရဲ့မေးခွန်းတွေကိုပါးနပ်စွာဖြေဆိုနိုင်ရန်၊ဘာတွေလုပ်ရမယ်ဆိုတဲ့သင်ခန်းစာများရရှိခြင်း။

**(ဂ)အားရကျေနပ်စရာ**

တစ်ပါတ်အတွင်းမှာပုံပြင်(၁၀)ပုဒ်အပြီးဆွေးနွေးခဲ့၊ပုဒ်(၂၀)အပြီး(Back Translation)လုပ်ခဲ့(၁၀)ပုဒ်အပြီး(Retelling)လုပ်ခဲ့၊ပါဝင်သူမှခွန်အားရရှိသည့်အတွက်အားရကျေနပ်ခြင်း၊ကယောဘာသာစကားကိုလည်းပိုမိုသိရှိလာ(ဥပမာ)လှေ၊သက်တမ်းရဲ့တိုက်ကယောလိုသိရှိလာခြင်း၊ပုံပြင်ပြောတဲ့ခါနည်းလမ်းပိုပြီးသိလာတဲ့အတွက်ကျေနပ်တယ်၊သူတို့ရဲ့စိတ်ဝင်စားမှုရှိတာကိုတွေ့ရပြီးကျေနပ်တယ်၊ကယောလူမျိုးစု၏ဘာသာရေးခေါင်းဆောင်များကိုယ်တိုင်ပါဝင်တက်ရောက်သည့်အတွက်အားရကျေနပ်တယ်၊သင်တန်းသားတွေကလူကြီး၊ငယ်မရွေးတက်တက်ကြွကြွပါဝင်ခဲ့တဲ့အတွက်ကျေနပ်တယ်၊ပထမဦးဆုံးပုံပြင်သင်တန်းအတွေ့အကြုံရရှိခြင်း၊အဖွဲ့နေ့မှာဆရာတော်ကိုယ်တိုင်လာရောက်ကြည့်ရှုအားပေးတဲ့အတွက်၊အားလုံးအတူတကွပါဝင်ခြင်းကိုတွေ့ရသည့်အတွက်စသည့်အားရကျေနပ်စရာများရရှိခဲ့ပါသည်။

**(ဃ)အခက်အခဲပြဿနာ**

ယခင်ရှိထားတဲ့အသိကြောင်းကျမ်းစာထည့်မှာပုံပြင် ၊ပြင်တာကိုထပ်ခါထပ်ခါပြန်ပြောခြင်းသင်တန်းသူ၊သားများရဲ့ဘာသာစကားအခက်ခဲ့၊ဖိတ်ခေါ် ထားသောသူအပြည့်အစုံမလာနိုင်ခြင်းစသည့်အခက်အခဲပြဿနာအနဲငယ်ရှိခဲ့ပါသည်။

**(င)ရှေ့လုပ်ငန်းစဉ်**

ကယောစာပေလုပ်ငန်းတွင်ပါဝင်ကူညီရန်၊ကျမ်းစာပုံပြင်များကိုလူငယ်သင်တန်းတွင်ပို့ချပေးရန်၊ကျမ်းစာပုံပြင်မှထွင်ထားတဲ့သီချင်း၊ကဗျာတွေကိုစုဆောင်းခြင်း၊ကိုယ်တော်ဇော်ခင်နှင့်ကယော(Tamajo)ဆွေးနွေးရန်သမ္မာဟောင်းရှိကျမ်းပိုင်းနှင့်ဆက်စပ်နိုင်တဲ့(Tamajo)စသည့်လုပ်ဆောင်စရာများကိုရှေ့လုပ်ငန်းစဉ်အဖြစ်ဆွေးနွေးခဲ့ပါသည်။

**(စ)ကျေးဇူးတော်ချီးမွမ်းစရာ**

ကျမ်းစာဘာသာပြန်အဖွဲ့ကိုအခိုင်အမာဖွဲ့စည်းနိုင်တဲ့အတွက်၊လွတ်လပ်စွာဖြင့်အဆောင်ပေးသုံးတဲ့အတွက်၊အခက်ခဲ့မရှိသည့်အတွက်၊တစ်ပတ်အတွင်းမှာပုံပြင်(၁၀)ပုဒ်ကောင်းမွန်စွာဆွေးနွေးပြီးခဲ့၊ပုဒ်(၂၀)BackTrasilaytionလုပ်ပြီး(၁၀)ပုဒ်Retellingလုပ်ပြီးခဲ့နှင့်လုပ်ဆောင်စရာအားလုံးကိုပြီးမြောက်ခဲ့သည့်အတွက်၊နှုတ်သမ္မာတရားပုံပြင်ဆွေးနွေးပွဲအတွက်ပြင်ဆင်လမ်းဖွင့်ပေးသောဘုရားသခင်အားကျေးဇူးတော်ချီးမွမ်းပါသည်။(စား၊နေ၊အချိန်ပေးသည့်အတွက်၊ပုံပြင်ဦးဆောင်သူတွေကအချင်းချင်းတစ်ယောက်နှင့်တစ်ယောက်ချိတ်ဆက်မိပြီးကောင်းမွန်စွာလုပ်ဆောင်၊ဦးဆောင်သွားနိုင်ခဲ့သည့်အတွက်၊ဘာသာရေးခေါင်းဆောင်တွေနဲ့ဆက်သွယ်မှုအဟန်းအတားတွေလျှော့နည်းလာတဲ့အတွက်ကျေးဇူးတော်ချီးမွမ်းခြင်း၊နှုတ်သမ္မာတရားပုံပြင်တွေကိုချက်ချင်းပြန်လည်အသုံးပြုနိုင်တဲ့နေရာများကိုစဉ်းစားနိုင်တဲ့အတွက်စသည့်ကျေးဇူးတော်ချီးမွမ်းစရာများကိုတွေ့ရှိခဲ့ပါသည်။

**(ဆ)ဆုတောင်းချက်**

သမ္မာကျမ်းစာဘာသာပြန်အတွက်နေရာနှင့်လမ်းပမ်းဆက်သွယ်ရေးအတွက်(မော်တော်ဆိုင်ကယ်(၁)စီးရရှိရန်)အတွက်၊ဗီဒီယိုကင်မင်ရာ၊Recoderရရှိဖိုးရန်အတွက်ပုံပြင်ဆင့်ပွားမည့်သူကိုဘုရားသခင်ဝိညာဉ်ခွန်အားအလင်းကျေးဇူးပေးဖိုးရန်၊လိုလောက်သောငွေရေးကြေးရေးကူညီထောက်ပံ့သည့်အတွက်၊ကိုယ်တာဝန်ထမ်းဆောင်ရသည့်အခန်းကဏ္ဍမှာကျေပွန်စွာလုပ်ဆောင်နိုင်သောအသိပညာရရှိပြီးအပြန်အလှန်ဝေမျှနိုင်ဖိုးအတွက်၊ကယောကျမ်းစာဘာသာပြန်လုပ်ငန်းအတွက်ထောက်ပံ့မည့်သူများနှင့်ညှိနိုင်းဆွေးနွေးတဲ့အခါမှာကောင်းမွန်စွာ၊ရှင်းလင်းမြင်သာစွာညှိနှိုင်းနိုင်ရန်အတွက်၊

## <u>နိဂုံး</u>

ဤကယောကျမ်းစာပုံပြင်သင်တန်းသည်ပါဝင်သူများအတွက်သော်၄င်း၊ဦးဆောင်သူများအတွက်သော်၎င်းပထမဦးဆုံးအတွေ့အကြုံဖြစ်ပါသည်။ဆရာတပည့်မရှိဘဲအချင်းချင်းသင်ယူသည်မှာလည်းအလွန်ပျော်စရာကောင်းပါသည်သက်သေခံချက်များစကားလုံးအသစ်များ၊စကားလုံးဖော်ထုတ်ခြင်းများကိုပျော်ရွှင်စွာပြုလုပ်ခဲ့ကြပါသည်။ထိုထက်ပို၍ဘာသာရေးခေါင်းဆောင်များ၏အားပေးပါဝင်မှုကလည်းပါဝင်သူများအတွက်စိတ်အားတက်စရာဖြစ်ပါသည်။စီစဉ်ထားသည့်အတိုင်းအတိအကျမဖြစ်သော်လည်းပါဝင်သူများအချင်းချင်းသင်ယူမှုကဦးဆောင်သူများအတွက်စိတ်ကြည်နူးမှုကိုဖြစ်ပေါ် စေပါသည်။

## <u>သင်တန်းဓါတ်ပုံများ</u>





ကယောဘာသာပြန်သူတဦးမှ ပုံပြင်ဦးဆောင်နေစဉ်

မာသာရ်တဦးမှရုပ်ပုံဖြင့် ပုံပြင်ပြောပြနေစဉ်





သင်တန်းသားများမှဖန်ဆင်းခြင်းပုံပြင်ကိုသရုပ်ဆောင်နေပုံ

သင်တန်းသားများမှကျမ်းစာပုံပြင်အားကဗျာစပ်နေပုံ






နှစ်ယောက်တတွဲပုံပြင်အပြန်အလှန်ပြောနေပုံ

ကယောကျမ်းစာပုံပြင်သင်တန်းတွင်ပါဝင်သူများ